# ညွှန်ကြားရေးမှူးထံမှ အမှာစကား (၂၀၂၀ မေလ ၂၅ ရက်)

ပြောင်းလဲဖြစ်ပေါ်လာသော အခြေအနေများ၊ ပြောင်းလဲဖြစ်ပေါ်လာသော ဝန်ဆောင်မှုများ

မေလ ၁၈ ရက်နေ့က ပြောကြားခဲ့သော အမှာစကား၏ နောက်ထပ်သတင်းအနေနှင့် မြန်မာနိုင်ငံလက်ရှိအခြေအနေအပေါ် ကျွန်ုပ်တို့၏တုံ့ပြန်ချက်များကို အသိပေးလိုပါသည်။

#CultureConnectsUs

မြန်မာနိုင်ငံတွင် Covid-19 ပျံ့နှံ့မှုကိုကာကွယ်ရန် အစိုးရ၏ မကြာသေးမီကညွှန်ကြားချက်များအရ ဗြိတိသျှကောင်စီရုံးများအား မတ်လ ၁၉ရက်နေ့မှစတင်ကာ ခေတ္တယာယီပိတ်ထားခဲ့ပါသည်။ လူချင်းတွေ့ဆုံပြီးဆောင်ရွက်ရသောဝန်ဆောင်မှုများကိုလည်း ပြိုင်တူဆိုင်းငံ့ထားခဲ့ပါသည်။ ထိုအချိန်မှစတင်ကာ ကျွန်ုပ်တို့သည် ဝက်ဗ်ဆိုဒ်နှင့် Facebook စာမျက်နှာတွင် ကြေညာခဲ့သည့်အတိုင်း ပညာရေးနှင့် ယဉ်ကျေးမှုဆိုင်ရာဝန်ဆောင်မှုများကို အွန်လိုင်းမှတဆင့် ဆောင်ရွက်ပေးနေပါသည်။ (မတ်လ ၂၅ ရက်၊ ဧပြီလ ၂ ရက်၊ ဧပြီလ ၈ ရက်နှင့် မေလ ၄ ရက်က ညွှန်ကြားရေးမှူးထံမှ အမှာစကား)

လုပ်ငန်းများပြန်လည် လည်ပတ်ခြင်းနှင့်ပတ်သက်၍ မြန်မာနိုင်ငံအစိုးရ၏ မကြာသေးမီက လမ်းညွှန်ချက်နှင့်အညီ ပြီးခဲ့သောအပါတ်က ရန်ကုန်မြို့ရှိ ကျွန်ုပ်တို့၏ စာကြည့်တိုက်တွင် လူချင်းတွေ့ဆုံပြီးပေးသော ဝန်ဆောင်မှုများကို အစမ်းသဘောအနေနှင့် စတင်ဆောင်ရွက်ခဲ့ပါသည်။ ထို့အပြင် ရန်ကုန်မြို့ရှိ ဧည့်သည်များအတွက် စာမေးပွဲဝန်ဆောင်မှုများကိုလည်း အကန့်အသတ်အနေအထားဖြင့် စမ်းသပ်လုပ်ဆောင်လျက် ရှိပါသည်။ ဤစာမေးပွဲဝန်ဆောင်မှုသည် ယခုအခြေအနေတွင် ကွန်ပြူတာဖြင့်ဖြေဆိုရသော IELTS စာမေးပွဲ (CdIELTS) အတွက်သာဖြစ်ပါသည်။

IELTS စာမေးပွဲသည် မြန်မာနိုင်ငံရှိပြည်သူများ၏ နိုင်ငံတကာတွင်ပညာဆည်းပူးခြင်းနှင့် ပြောင်းရွှေ့နေထိုင်ခြင်းဆိုင်ရာ အခွင့်အလမ်းများအတွက် ရည်မှန်းချက်များကို ထောက်ပံ့ပေးပါသည်။ ထို့ကြောင့် ကျွန်ုပ်တို့သည် အစိုးရ၏ကျန်းမာရေးအကြံပြုချက်များကို လေးစားလိုက်နာခြင်းအားဖြင့် ဤအခွင့်အလမ်းများကို ပံ့ပိုးပေးရန်အရေးကြီးသည်ဟု သတိပြုမိပါသည်။

ကျွန်ုပ်တို့သည် အခြားဝန်ဆောင်မှုများ (LCCI, Cambridge အင်္ဂလိပ်စာမေးပွဲများနှင့် အခြားအတတ်ပညာဆိုင်ရာ နှင့်တက္ကသိုလ်စာမေးပွဲများ) ပြန်လည်စတင်မည့်အချိန်နှင့်ပတ်သက်၍ ယူကေ Awarding body များထံမှ အကြံဉာဏ်များနှင့်လမ်းညွှန်မှုများကို စောင့်ဆိုင်းလျက်ရှိပါသည်။

ကျွန်ုပ်တို့၏ ညှေ့သည်များနှင့် ဝန်ထမ်းများ၏လုံခြုံမှုအတွက် ကိုရိုနာဗိုင်းရပ်စ်အန္တရာယ်လျော့ချရန် ဆောင်ရွက်ချက်များကို အကောင်အထည်ဖော်လုပ်ဆောင်သွားပါမည်။

ထိုဆောင်ရွက်မှုများတွင် အောက်ပါအချက်များပါဝင်ပါသည်။

**ဝင်ရောက်ခွင့်နှင့် ခြေရာခံသည့်အစီအမံများ**

၁။ ညှေ့သည်များနှင့်ဝန်ထမ်းများအားလုံးကို ဂိတ်အဝတွင် အပူချိန်စစ်ဆေးမည်ဖြစ်ပါသည်။ မြင့်မားသောအပူချိန် (၃၈ ဒီဂရီအထက်) ရှိသောမည်သူမဆို အဆောက်အဦးအတွင်းသို့ ဝင်ရောက်ခွင့်ပြုမည်မဟုတ်ပါ။

၂။ ဝန်ထမ်းများနှင့် ညှေ့သည်များအနေဖြင့် mask များဝတ်ဆင်ရန်လိုအပ်ပြီး မဝင်ရောက်ခင် မည်သူမည်ဝါဖြစ်ကြောင်းကို အစစ်ဆေးခံရပါမည်။ ကျွန်ုပ်တို့၏ရုံးထဲသို့ ဝင်သောအခါ လက်သန့်ဆေးကို မဖြစ်မနေအသုံးပြုရပါမည်။

၃။ ကြိုတင်အကြောင်းကြား ရက်ချိန်းရယူထားခြင်း မရှိသည့် ညှေ့သည်များသည် အဆောက်အဦးထဲသို့ ဝင်ရောက်နိုင်မည်မဟုတ်ပါ။

၄။ ညှေ့သည်များအားလုံးသည် contact tracing form (ဆက်သွယ်ရန်ခြေရာခံသည့်ပုံစံ) နှင့် ၎င်းတို့၏ မကြာသေးမီကခရီးသွားခြင်းနှင့် ကျန်းမာရေးနှင့်ပတ်သက်သော အသိပေးချက်ကို ဖြည့်စွက်ရန်လိုအပ်ပါသည်။

**လူစုလူဝေးရှောင်ရှားခြင်းနှင့် ထပ်တိုးသန့်ရှင်းရေးအစီအမံများ**

၁။ ကျွန်ုပ်တို့သည် ညှေ့သည်အရေအတွက်ကို တစ်ကြိမ်လျှင် ၅ ဦးထက်မပိုစေရန် ကန့်သတ်ထားမည်ဖြစ်ပြီး အဆောက်အဦးအတွင်းရှိ လူများအကြားအနည်းဆုံး ၂ မီတာကွာဝေးရန် သေချာစွာပြုလုပ်ပါမည်။

၂။ အဆောက်အဦး၏အတွင်းနှင့် ဂိတ်ဝကြမ်းပြင်တွင် ၂ မီတာအကွာအဝေးကို အမှတ်အသားပြုလုပ်ပါမည်။

၃။ ကူးစက်မှုအန္တရာယ်ကိုလျှော့ချရန် သန့်ရှင်းရေးများကို ထပ်တိုးပြုလုပ်မည်ဖြစ်ပြီး
လက်သန့်ရှင်းဆေးများရှိနေစေရန်လည်း ဆောင်ရွက်ပါမည်။

ဗြိတိသျှကောင်စီကိုယ်စား ကျွန်ုပ်တို့၏ မြန်မာနိုင်ငံအပေါ်တွင် ထားရှိဆဲ ကတိကဝတ်များနှင့်
အားပေးကူညီနေမှုများကို ယုံကြည်စိတ်ချရန် ထပ်မံပြောကြားလိုပါသည်။ မြန်မာနိုင်ငံနှင့် နှစ်ရှည်လများ
တည်ရှိနေခဲ့သောခင်မင်ရင်းနှီးမှုအတွက် အလွန်ဂုဏ်ယူမိပါသည်။ လက်ရှိကပ်ရောဂါကြောင့် ဖြစ်ပေါ်နေသော
အခက်အခဲများရှိသော်လည်း မြန်မာနိုင်ငံနှင့် ယူကေနိုင်ငံရှိ ပြည်သူများနှင့် အဖွဲ့အစည်းများကို
ဆက်လက်ချိတ်ဆက်ပေးရန် မျှော်လင့်နေပါသည်။

#CultureConnectsUs

Dr Richard Sunderland
ညွှန်ကြားရေးမှူး
ဗြိတိသျှကောင်စီ မြန်မာ